# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့ အစီအစဉ်

## [ ၂၇-၁၀-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ဘဏ်များအားလုံး တစ်ပြေးညီအခွင့်အရေးရှိသည့် e-banking စနစ်အားကောင်းစေရန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေဖြစ်လွယ်မှု (Liquidity)၊ မတည်ရင်းနှီးငွေ (Capital)၊ ငွေသားစီးထွက်မှု (Cash out flow)၊ ငွေသားစီးဝင်မှု (Cash in flow) များကို CBM ဗဟိုဘဏ်က စောင့်ကြည့်ကြီးကြပ်မှု၊ နိုင်ငံသားများ၏ စုဆောင်းငွေ၊ လွှဲပို့ငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ထားမှုများ အခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသုံးပြုခွင့် ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မည်သည့်အချိန်တွင် မြေခွန်ကောက်ခံမည်နှင့် ကောက်ခံမည့် အစီအစဉ်များ မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၏ **လှည်းကူးမြို့နယ်၊ ပုတ်သင်ညို ကျေးရွာ သဘာဝအင်းကြီးသည် ပုဂ္ဂလိကပိုင်အဖြစ် ရောက်ရှိ သွားခြင်းအား ပြန်လည် စိစစ်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **တီရှူးခွာန်ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းများတွင် တီရှူးခွာန်မှတစ်ဆင့် လူကို ကူးစက်နိုင်သော ရောဂါများ စစ်ဆေးပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ရောဂါများ စစ်ဆေးဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **အခြေခံလူတန်းစားများ နှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝအထောက်အကူ ပြုနိုင်သည့် အထိ ငါးသယံဇာတ ရှားပါးနေသော အင်းအိုင်များသို့ ငါးမျိုးစိတ် စိုက်ထည့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်က **"ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း**

**ရပ်ပိုမျှားဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။